**စိုက်ပျိုးရေးထွက်ကုန်များနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံ၏ စံချိန်စံညွှန်းများ**

၁။ စင်ကာပူနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များအား ပတ်ဝန်းကျင်နှင့်ရေအရင်းအမြစ်ဝန်ကြီးဌာန (Ministry of the Environment and Water Resources) လက်အောက်ရှိ စင်ကာပူစားသောက်ကုန်အေဂျင်စီ (Singapre Food Agency – SFA) က ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် စင်ကာပူတွင် ဖြန့်ဖြူးရောင်းချရန်အတွက် တင်သွင်းလာသော၊ ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသော စိုက်ပျိုးရေးထွက်ကုန်များအပါအဝင် စားသောက်ကုန်များသည် စားသုံးရန်ဘေးကင်းလုံခြုံမှုရှိကြောင်း သေချာစေရန် အပင်များထိန်းချုပ်ခြင်းအက်ဥပဒေ (the Control of Plants Act)နှင့် စားသောက်ကုန်ရောင်းချမှုအက်ဥပဒေ (Sale of Food Act – Chapter 283) အရ ပြဋ္ဌာန်းထားသော စားသောက်ကုန်စည်းမျဉ်းများ (Food Regulations) ပါ စားသောက်ကုန်ဆိုင်ရာစံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်ဖြစ်ပါသည်။

၂။ အဆိုပါ စားသောက်ကုန်စည်းမျဉ်းများ (Food Regulations) တွင် အပိုင်း(၅) ပိုင်းပါဝင်ပြီး၊ အပိုင်း(၃) တွင် အောက်ပါတို့ကို ပြဋ္ဌာန်းထားပါသည် –

(က) ကုန်စည်အညွှန်းအမှတ်အသားဖော်ပြရန် အထွေထွေလိုအပ်ချက်များ

( ခ ) ကုန်စည်အညွှန်းအမှတ်အသားဖော်ပြရန် လိုအပ်ခြင်းမှ ကင်းလွတ်ခွင့်များ

( ဂ ) အညွှန်းအမှတ်အသားဖော်ပြရမည့် ကွန်တိန်နာများ

(ဃ) အညွှန်းအမှတ်အသားဖော်ပြရမည့် ကုန်စည်ထုပ်ပိုးသည့်ခြင်းများ

( င ) အညွှန်းအမှတ်အသားဖော်ပြရာတွင် မှားယွင်းသော သို့မဟုတ် အထင်အမြင်လွဲမှားစေနိုင်သော အချက်အလက်များအားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ တားမြစ်ချက်

( စ ) ရက်စွဲဖော်ပြခြင်း

(ဆ) ဗီတာမင်နှင့် သတ္တုဓာတ်ပါဝင်မှု

( ဇ ) ကြော်ငြာများတွင် အထင်အမြင်လွဲမှားစေနိုင်သော ဖော်ပြချက်များ

( ဈ) ဆုလာဘ်အဖြစ်ပေးသော စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများ

(ည) တင်သွင်းမှုအတွက် မှတ်ပုံတင်ရမည့် စားသောက်ကုန်များ

( ဋ ) အဖြည့်ပစ္စည်းများ

( ဠ ) စားသောက်ကုန်များတွင်ပါဝင်တတ်သောအရာများ

( ဍ ) သတ္တုပါဝင်သော ဟိုက်ဒရိုကာဗွန်များ (MINERAL HYDROCARBONS)

( ဎ ) စားသောက်ကုန်များအတွက် ကွန်တိန်နာများ

(ဏ) ရောင်ခြည်ပေးထားသော စားသောက်ကုန်များ

၃။ Food Regulations ၏ အပိုင်း (၄) တွင် စားသောက်ကုန်များအတွက် စံနှုန်းသတ်မှတ်ချက်များနှင့် သီးခြားကုန်စည်အညွှန်းအမှတ်အသားဖော်ပြရန် လိုအပ်ချက်များကို ပြဋ္ဌာန်းထားပါသည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော လက်ဖက်၊ ကော်ဖီ၊ ချင်း၊ ငရုပ်ကောင်း၊ နနွင်း၊ ဆန် စသည်တို့ကို စည်းမျဉ်းအမှတ် ၁၅၃(လက်ဖက်)၊ စည်းမျဉ်းအမှတ် ၁၅၇ (ကော်ဖီ)၊ စည်းမျဉ်းအမှတ် ၂၂၇(ချင်း)၊ စည်းမျဉ်းအမှတ် ၂၃၂(ငရုပ်ကောင်းအနက်)၊ စည်းမျဉ်းအမှတ် ၂၃၅(နနွင်း)၊ စည်းမျဉ်းအမှတ် ၂၆၀(ဆန်) တို့တွင် ဖော်ပြထားပါသည်။

၄။ Food Regulations အား ပူးတွဲတင်ပြအပ်ပါသည်။

၅။ အောက်ဖော်ပြပါ စိုက်ပျိုးရေးထွက်ကုန်များ၏ စံချိန်စံညွှန်းနှင့်သက်ဆိုင်သောအချက်အလက်များအား တင်ပြအပ်ပါသည် –

(က) ပဲအမျိုးမျိုး

( ခ ) လတ်ဆတ်သောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ

( ဂ ) ဆန်

<u>ပဲအမျိုးမျိုး</u>

၆။ စင်ကာပူသည် ပဲအမျိုးမျိုး တင်သွင်းခြင်းအတွက် HACCP Certificate ၊ ကောင်းမွန်သောစိုက်ပျိုးရေးအလေ့အထထောက်ခံချက် (Good Agricultural Practices Certificate)၊ အပင်ပိုးမွှားရောဂါကင်းရှင်းကြောင်းထောက်ခံချက် (Health Certificate or Phytosanitary Certificate) စသည့် အသိအမှတ်ပြုလက်မှတ်များကို အထောက်အထားစာရွက်စာတမ်းများအဖြစ် လက်ခံဆောင်ရွက်ပေးပါသည်။

၇။ ကုန်စည်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သိရှိရပါမည် –

(က) Food Regulations အရ ကြိုတင်ထုပ်ပိုးပြီးသော စားသောက်ကုန်များဖြစ်ပါက ကုန်စည်အညွှန်းအမှတ်အသားကို မဖြစ်မနေ ဖော်ပြရမည်ဖြစ်ပါသည်။ စင်ကာပူရှိ

စားသောက်ကုန် တင်သွင်းသူများနှင့် ထုတ်လုပ်သူများအနေဖြင့် ကုန်စည်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်အလက်အပြည့်အစုံကို SFA က ထုတ်ပြန်ထားသော စားသောက်ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ကြော်ငြာခြင်းဆိုင်ရာလမ်းညွှန် (A Guide to Food Labeling and Advertisements) တွင် အသေးစိတ်ဖော်ပြထားပါသည်။ (ပူးတွဲတင်ပြအပ်ပါသည်။)

( ခ ) စားသုံးသူများသို့ တိုက်ရိုက်ရောင်းချရန်အတွက်မဟုတ်ဘဲ လုပ်ငန်းအချင်းချင်း တင်ပို့ရောင်းချသည့် non-retail containers (ဥပမာ စားသောက်ကုန်ထုတ်လုပ်သူများသို့ ကုန်ကြမ်းရောင်းချခြင်း) ကိစ္စအတွက် ကုန်ပစ္စည်း၏ အညွှန်းအမှတ်အသားများကို ဖော်ပြခြင်းမှ ကင်းလွတ်ခွင့်ပြုပါသည်။ သို့ရာတွင် တင်သွင်းသူက မိမိဆန္ဒအလျောက် non-retail containers များအတွက် ကုန်ပစ္စည်းအညွှန်းအမှတ်အသားများ ဖော်ပြပေးရန် တင်ပို့သူထံ တောင်းဆိုနိုင်ပါသည်။

၈။ စင်ကာပူသို့ ပဲအမျိုးမျိုးတင်ပို့သောလုပ်ငန်းများအနေဖြင့် Food Regulations ၏ အမှတ်စဉ် (၉) ဇယားတွင် ပြဋ္ဌာန်းထားသော သို့မဟုတ် Joint FAO/WHO Codex Alimentarius Commission မှ သတ်မှတ်ထားသည့် ပိုးသတ်ဆေးနှင့် အဆိပ်အတောက်ဖြစ်စေသောဓာတုဆေးအကြွင်းအကျန်များပါဝင်မှုသတ်မှတ်ချက်ထက် ကျော်လွန်မှုမရှိစေရေး ဂရုပြုရမည်ဖြစ်ပြီး၊ SFA သည် တင်သွင်းလာသော ပဲအမျိုးမျိုး၏ နမူနာကို ဓါတ်ခွဲစမ်းသပ်စစ်ဆေးမှု ပြုလုပ်ကောင်းပြုလုပ်နိုင်ပါသည်။

## <u>လတ်ဆတ်သောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ</u>

၉။ စင်ကာပူနိုင်ငံသို့ လတ်ဆတ်သောသစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များ (ဖြတ်တောက်ခြင်း၊ အခွံနွှာခြင်း၊ ဖူးခွံဖြင့်ထုပ်ပိုးထားခြင်း၊ အေးခဲထားခြင်း စသည့်ပြုပြင်ထုတ်လုပ်ထားခြင်းမဖြစ်စေရ) ကို တင်ပို့ပါက Phytosanitary Certificate လိုအပ်ခြင်းမရှိသော်လည်း၊ စားသောက်ကုန်စည်းမျဉ်းများ (Food Regulations) ၏ အမှတ်စဉ် (၉) ဇယားတွင် ဖော်ပြထားသော သို့မဟုတ် Joint FAO/WHO Codex Alimentarius Commission မှ သတ်မှတ်ထားသော ပိုးသတ်ဆေးနှင့် အဆိပ်အတောက်ဖြစ်စေသည့် ဓာတုဆေးဝါးအကြွင်းအကျန်များ ပါဝင်မှုသတ်မှတ်ချက်ထက် ကျော်လွန်မှုမရှိစေရန် အထူးဂရုပြုရပါမည်။ SFA သည် တင်သွင်းလာသည့် သစ်သီးဝလံများ၏ နမူနာကို ဓါတ်ခွဲစမ်းသပ်စစ်ဆေးမှု ပြုလုပ်ကောင်းပြုလုပ်နိုင်ပါသည်။

၁၀။ လတ်ဆတ်သောသစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ထုပ်ပိုးမှုစနစ်ဖြင့် စင်ကာပူတွင် တိုက်ရိုက်ရောင်းချရန်အတွက် တင်ပို့ခြင်းဖြစ်ပါက (က) ထုတ်လုပ်သူ၏ အမည်နှင့်လိပ်စာ၊

(ခ) ကုန်ပစ္စည်းအမျိုးအစားဖော်ပြချက်နှင့် (ဂ) တင်ပို့သည့်နေ့စွဲနှင့် ထုပ်ပိုးသည့်နေ့စွဲတို့ကို ဖော်ပြရန် လိုအပ်ပါသည်။

**<u>ဆန်</u>**

၁၁။ ခြွင်းချက်အနေဖြင့် ဆန်ကို စင်ကာပူသို့ (စင်ကာပူလွတ်လပ်သောကုန်သွယ်ရေးဇုန် အပါအဝင်) တင်သွင်းခြင်း၊ လက်ကားရောင်းချခြင်းနှင့် ပြန်လည်တင်ပို့ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ထိန်းကျောင်းသည့်အာဏာပိုင်မှာ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနအောက်ရှိ Enterprise Singapore ဖြစ်ပါသည်။ Enterprise Singapore သည် ဆန်တင်သွင်းမည့်လုပ်ငန်းများအား လိုင်စင်နှင့် ဆန်တင်သွင်းခွင့်ပါမစ်ထုတ်ပေးခြင်းလုပ်ငန်းများကို စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ စင်ကာပူတွင် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ပြဋ္ဌာန်းထားသော Price Control Act – Chapter 244 နှင့် Price Control (Rice) 1990 တို့အရ ဆန်ကို ကန့်သတ်ကုန်စည်တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။ စင်ကာပူတွင် လက်ကားရောင်းချရန်အတွက် တင်သွင်းမည့် ဆန်ဖြူ ဘာစမာတီဆန်၊ ပေါင်းဆန်နှင့် ပွန်နီဆန်အမျိုးအစားများမှာ သိုလှောင်မှုစနစ်ဖြင့် တင်သွင်းရမည့်ဆန်အမျိုးအစား (Stockpile Grade Rice) ဖြစ်သောကြောင့် အစိုးရမှ သတ်မှတ်ထားသောဂိုဒေါင်တွင် အရေအတွက်သတ်မှတ်ချက်နှင့်အညီ သိုလှောင်ထားရှိ၍ တင်သွင်းရောင်းချရမည် ဖြစ်ပါသည်။

၁၂။ ဆန်တင်ပို့ရန်အတွက် Phytosanitary Certificate လိုအပ်မည်ဖြစ်ပါသည်။ ဆန်နှင့်ပတ်သက်သောစံနှုန်းများနှင့် သီးခြားကုန်စည်အညွှန်းအမှတ်အသားဖော်ပြရန် လိုအပ်ချက်များကို စားသောက်ကုန်စည်းမျဉ်းများ (Food Regulations) ၏ အပိုင်း (၄) စည်းမျဉ်းအမှတ် ၂၆၀ တွင် ဖော်ပြထားပါသည်။

(မြတ်နိုး)
စီးပွားရေးသံမှူး
မြန်မာသံရုံး၊ စင်ကာပူမြို့

References


- https://www.sfa.gov.sg/ (Singapore food Agency)
- https://www.enterprisesg.gov.sg/e-services/rice-stockpile-scheme/